## ဝမ္မိကသုတ္တန် အပိုင်း(၇) (၅-၁၉-၂၀၂၂)

## “လိပ်ညစ်ဆိုတာ-ခန္ဓာငါးပါး”

ရေစစ်နှင့်တူသော နီဝရဏ တရားငါးပါးကို ဖယ်ရှားပြီးနောက် ဤခန္ဓာ တောင်ပို့ကို ဆက်လက်တူးဖော်ရာ လိပ်နှင့်တူသော ခန္ဓာငါးပါးကို တွေ့ရှိရလေ၏။ ကုမ္မော-ဟူသော လိပ်၌ ခြေလေးချောင်း၊ ဦးခေါင်း စုစုပေါင်း အင်္ဂါငါးပါးရှိသကဲသို့ မိမိတို့သန္တာန်၌ အလုံးစုံသော ရုပ်နာမ်ဓမ္မ သင်္ခတတရားများကို ပေါင်းစုယူလိုက်လျှင် ခန္ဓာငါးပါးသာ ရှိလေ၏။ မြတ်စွာဘုရားသည် ထို့သို့ လိပ်နှင့်တူသော ခန္ဓာငါးပါးကို ပယ်ရှားခိုင်းခြင်း၏ ဆိုလိုရင်းမှာ စွဲလမ်းနိုင်သော ဥပါဒါနက္ခန္ဓာငါးပါးတို့၌ ဆန္ဒရာဂကို ပယ်ရှားရန် ဟောတော်မူခြင်းဖြစ်ပေ၏။

## “အမှန်ရှိတာ ငါးခန္ဓာ”

ကား၊ ရထားစသည်တို့၏ များပြားလှစွာသော အင်္ဂါအစိတ်အပိုင်းပေါင်းများစွာတို့ ပေါင်းစုမိမှ ကားတစီး၊ ရထားတစီးဟု ခေါ်ရသကဲ့သို့ ရုပ်-ဝေဒနာ-သညာ-သင်္ခါရ-ဝိညာဏ် ဟူသော ခန္ဓာငါးပါး ပေါင်းစုထားသည်ကို သတ္တဝါဟူ၍ အမည်ပညတ် ခေါ်ဝေါ်အပ်လေ၏။ တကယ်အရှိကား ခန္ဓာငါးပါးသာတည်း။

**“ရူပက္ခန္ဓာ၊ ဝေဒနာနှင့်၊ သညာ-သင်္ခါရ၊ ဝိညာဏ-ဟု၊ အစု ငါးတန်၊ ငါးရပ် ခန်တည်း။” (ခန်=ခန္ဓာ)**

ရူပက္ခန္ဓာ၊ ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာ၊ ဤကား ခန္ဓာငါးပါးတို့တည်း။ ခန္ဓာ-ဟူသည် အစု-ဟူသော အဓိပ္ပါယ်ရ၏။

ဖောက်ပြန်ခြင်း = ရုပ္ပန-လက္ခဏာတခု၌ တစုတပုံပြု၍ ဉာဏ်ဖြင့် သိမ်းဆည်းအပ်သော ရှုကြည့်အပ်သော တရားစု (ရုပ်-၂၈-ခု)သည် ရူပက္ခန္ဓာ မည်၏။

ခံစားခြင်း = ဝေဒယိတ-လက္ခဏာတခု၌ တစုတပုံပြု၍ ဉာဏ်ဖြင့် သိမ်းဆည်းအပ်သော ရှုကြည့်အပ်သော တရားစု (ဝေဒနာစေတသိက်)သည် ဝေဒနာက္ခန္ဓာ မည်၏။

မှတ်သားခြင်း = သဉ္ဇာနန-လက္ခဏာတခု၌ တစုတပုံပြု၍ ဉာဏ်ဖြင့် သိမ်းဆည်းအပ်သော ရှုကြည့်အပ်သော တရားစု (သညာစေတသိက်)သည် သညာက္ခန္ဓာ မည်၏။

ပြုလုပ်စီရင်တတ်သော = အဘိသင်္ခရဏ-လက္ခဏာတခု၌ တစုတပုံပြု၍ ဉာဏ်ဖြင့် သိမ်းဆည်းအပ်သော ရှုကြည့်အပ်သော တရားစု (ဝေဒနာ၊ သညာမပါသော ကျန်စေတသိက်-၅၀)သည် သင်္ခါရက္ခန္ဓာ မည်၏။ အဘယ့်ကြောင့် သင်္ခါရ-ခေါ်ရသနည်း? စီရင်ဖွယ်ရာ ဟူသမျှကို ပြုစီရင်တတ်သောကြောင့် သင်္ခါရ ခေါ်ရပေသည်။ ထိုသင်္ခါရခေါ်သော စေတသိက်-၅၀ (ဖဿ၊ စေတနာ-စသည်၊ လောဘ၊ ဒေါသ၊ မောဟ-စသည်၊ သဒ္ဓါ၊ သတိ၊ ပညာ-စသည်)တို့သည် စက္ခုဒွါရအစရှိသော ဒွါရခြောက်ပါးတို့၌၎င်း၊ ကာယဒွါရ-ဝစီဒွါရ-မနောဒွါရ-ဟုဆိုအပ်ကုန်သော ကမ္မဒွါရသုံးပါးတို့၌၎င်း တပေါင်းတည်း ပေါင်းဆုံစည်းဝေး ကြကုန်၍ တွေ့ထိမှု၊ စေ့ဆော်မှု-အစရှိသော မိမိတို့၏ အသီးသီးသော ကိစ္စတို့ဖြင့် မြင်ခြင်း၊ ကြားခြင်း-အစရှိကုန်သော အမှုအမျိုးမျိုးတို့ကို၎င်း၊ ကာယကံ-ဝစီကံ-မနောကံ တို့ကို၎င်း၊ အိပ်ခြင်း-သွားခြင်း-ထိုင်ခြင်း-ရပ်ခြင်း-စားခြင်း-သောက်ခြင်း အစရှိသော အမှု အမျိုးမျိုးတို့ကို၎င်း ဆောင်ရွက်ပြုလုပ်တတ်ကုန်၏။ အထူးထူး အထွေထွေ စီရင်တတ်ကုန်၏။ ထို့ကြောင့် ထိုငါးဆယ်သော တရားတို့သည် သင်္ခါရ မည်ကုန်၏။

သိခြင်း = ဝိဇာနန-လက္ခဏာတခု၌ တစုတပုံပြု၍ ဉာဏ်ဖြင့် သိမ်းဆည်းအပ်သော ရှုကြည့်အပ်သော တရားစု (စိတ်-၈၉-ပါး)သည် ဝိညာဏက္ခန္ဓာ မည်၏။

ဤသို့ဆိုလျှင် မေးဖွယ်ရှိသည်ကား သင်္ခါရက္ခန္ဓာတို့တွင် လွန်စွာထင်ရှားကုန်သော စေတနာ၊ ဝိတက်၊ လောဘ၊ သဒ္ဓါ၊ ပညာ-အစရှိသောတရားတို့ကို အသီးအခြား ခန္ဓာတခု ပြုလုပ်၍ ဟောတော်မမူဘဲ ဝေဒနာနှင့်သညာကိုသာလျှင် အဘယ့်ကြောင့် ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာဟူ၍ အသီးအခြား ခန္ဓာတပါးစီပြုလုပ်၍ ဟောတော်မူအပ်ပါသနည်း?

ဥပမာနှင့်တကွ ရှင်းလင်းပြအံ့။ လောက၌ ကျွမ်းကျင်သော ဆေးဆရာကြီးသည် ဆေးမြစ် အမျိုးမျိုးတို့ကို စုဆောင်း၍ အမှုန့်ပြုမည်ရှိရာ ဤဆေးမြစ်တို့သည် ကြီးမားကုန်သော်လည်း နူးညံ့ကျေညက်လွယ်သော သဘောရှိကုန်၏၊ ဤဆေးမြစ်တို့သည် သေးငယ်ကုန်သော်လည်း ခက်မာသော သဘောရှိ၍ ကျေညက်လွယ်ကြသည် မဟုတ်ကုန်။ ဤသို့ ပိုင်းခြားသိလေသဖြင့် ထိုစုဆောင်းထားသော ဆေးမြစ်ပုံထဲမှ ကြမ်းတမ်းခက်မာသော ဆေးမြစ်တို့ကိုသာလျှင် ရှေးဦးစွာ ကောက်ယူ၍ အမှုန့်ဖြစ်အောင် ထောင်းထုကြိတ်နယ် လေ၏။ ကြွင်းသော နူးညံ့ကျေလွယ်သော ဆေးမြစ်ဆေးရွက်တို့ကိုမူကား တပေါင်း တည်းပင်ပြု၍ ထောင်းထုကြိတ်နယ်ခြင်းကို ပြုလေ၏။ ထိုနောက်မှ အမှုန့်အဖြစ်သို့ ရောက်ကုန်ပြီးသော ခက်မာသော ဆေးမြစ်မှုန့်၊ နူးညံ့သော ဆေးမြစ်မှုန့်တို့ကို ရောနှော ပြီးလျှင် ကျောက်ပြင်ပေါ်၌တင်၍ ကျောက်သွေးဖြင့် ညက်စွာကြိတ်ကာ ဆေးလုံးတို့ကို ပြုလုပ်လေ၏။ ဤသို့ ပြုလုပ်သည်ရှိသော် ချမ်းသာလွယ်ကူစွာ ဆေးအဖြစ်သို့ရောက် အောင် တတ်စွမ်းနိုင်လေသည်။

ထို့အတူ အလုံးစုံသော ဉေယျဓမ္မအရာတို့၌ ကျွမ်းကျင်တော်မူပြီးသော မြတ်စွာဘုရား သည်လည်း နာမ်တရား၊ ရုပ်တရားတို့၌ လက္ခဏာရေးသုံးပါးသို့တင်၍ နိစ္စဝိပလ္လာသ၊ သုခဝိပလ္လာသ၊ အတ္တ ဝိပလ္လာသတို့ကို ပယ်ဖျောက်ခြင်းအကျိုးငှာ အားထုတ်ကျင့်ကြံ ကြကုန်သော နတ်၊ လူ၊ ဗြဟ္မာ သတ္တဝါတို့သည် အနု-အရင့်အားဖြင့် ထိုက်သည့် အားလျော်စွာ တရားတို့ကို မခွဲခြမ်းအပ် မဝေဖန်အပ်သည်ရှိသော် လွန်စွာ ပင်ပန်းကြ ကုန်လတ္တံ့၊ တရားထူးကိုရခြင်းငှာ ခဲယဉ်းကြကုန်လတ္တံ့ဟူ၍ မြော်မြင်သိရှိတော်မူသဖြင့် နာမ်တရားတို့တွင် ဝေဒနာ၊ သညာ၊ စိတ်တည်းဟူသော တရားသုံးပါးကို အသီးအခြား ထုတ်နုတ်တော်မူ၍ ခန္ဓာတခု တခုစီ ဖွဲ့ပြီးလျှင် ဟောကြားတော်မူရသည်။

သတ္တဝါတို့အား သုခဟူ၍ ဖောက်ဖောက်ပြန်ပြန် ထင်စေတတ်သောတရားတို့တွင် ဝေဒနာသည် အလွန်ကဲဆုံးဖြစ်၏။ ဝေဒနာကြောင့် သုခဝိပလ္လာသ ဖြစ်ရပေသည်။

သတ္တဝါတို့အား အတ္တဟူ၍ ဖောက်ဖောက်ပြန်ပြန် ထင်စေတတ်သောတရားတို့တွင် သညာသည် အလွန်ကဲဆုံးဖြစ်၏။ သညာကြောင့် အတ္တဝိပလ္လာသ ဖြစ်ရပေသည်။ သတ္တဝါတို့အား နိစ္စဟူ၍ ဖောက်ဖောက်ပြန်ပြန် ထင်စေတတ်သောတရားတို့တွင် စိတ်သည် အလွန်ကဲဆုံးဖြစ်၏။ စိတ်ကြောင့် နိစ္စဝိပလ္လာသ ဖြစ်ရပေသည်။

ငါးအစရှိကုန်သော ရေသတ္တဝါတို့သည် ရေများများရှိလျှင် ပျင်းရိခြင်း မရှိကြကုန်။ ရေမရှိလျှင်မူကား လွန်စွာ ပျင်းရိငြီးငွေ့တတ်ကြကုန်၏။ ထို့ပြင် ပျား၊ ပိတုန်းတို့သည် တောတောင်တို့၌ ပန်းဝတ်ရည် အရသာကို ရကြကုန်၏။ ထိုသို့ ပန်းဝတ်ရည်ရရာဖြစ်သော တောတောင်တို့၌ မငြီးငွေ့ဘဲ လွန်စွာ ပျော်မွေ့ကြကုန်၏။ ပန်းဝတ်ရည်ကို မရသော တောတောင်တို့၌မူကား မပျော်မမွေ့ လွန်စွာ ငြီးငွေ့ကြကုန်၏။ ထို့အတူ သတ္တဝါအပေါင်းတို့အား သုခဟူ၍ အမြဲမှတ်ထင်လျက် အားကိုးအားထားအပ်သော အရာတို့တွင် ဝေဒနာနှင့်တူသော အားကိုးအားထားရာ မည်သည် မရှိချေ။ လူ့စည်းစိမ်၊ နတ်စည်းစိမ်၊ ဗြဟ္မာစည်းစိမ်တို့ကို သာယာတောင့်တကြကုန်၏ဟုဆိုသော်လည်း သုခဝေဒနာ အလို့ငှာသာလျှင် တောင့်တကြကုန်၏။ ထို လူ့စည်းစိမ်၊ နတ်စည်းစိမ်၊ ဗြဟ္မာစည်းစိမ်တို့နှင့် ကင်း၍ သုခဝေဒနာကို ရမည်ဆိုလျှင် ထို လူ့စည်းစိမ်စသည်တို့ကို တောင့်တသာယာကြမည် မဟုတ်။ ထိုမှတပါး ဖဿ၊ စေတနာ-အစရှိသော တရား၊ ဝိတက်၊ ဝီရိယ-အစရှိသောတရား၊ သဒ္ဓါ၊ ပညာ-အစရှိသောတရားတို့သည် အဘိသင်္ခရဏကိစ္စဖြင့် မျက်မှောက်၊ မျက်ကွယ် စီရင်ဖွယ်ဟူသမျှတို့ကို အမျိုးမျိုး စီရင်ကြသော်လည်း လိုရင်းအချုပ်မှာ သုခဝေဒနာကို ရလိုခြင်းကြောင့်သာလျှင် စီရင်ကြကုန်၏။ ဤသို့ အလုံးစုံသော သတ္တဝါတို့သည် သုခဝေဒနာ၌ မျှော်လင့်သောစိတ်တို့ဖြင့်သာလျှင် အမျိုးမျိုး စီရင်ကြကုန်၏။ ထို့ကြောင့် သုခဟု မှတ်ထင်၍ အားကိုးအားထားအပ်သောတရားတို့တွင် ဝေဒနာသည် အထွတ်အထိပ်ဆုံး ဖြစ်ပေ၏။ ထို့ကြောင့် မြတ်စွာဘုရားသည် ထိုဝေဒနာကို အသီးအခြား ထုတ်နုတ်တော်မူ၍ ခန္ဓာတခု ဖွဲ့တော်မူပြီးလျှင် ခန္ဓဒေသနာတော်ကို ဟောတော်မူရ၏။

ထိုမှတပါး အလုံးစုံသော သတ္တဝါတို့အား အတ္တဟု မှတ်ထင် စွဲမြဲ၍ အားကိုးအားထား အပ်သော တရားတို့တွင် သညာနှင့်တူသော အားကိုးအားထားရာမည်သည် မရှိ။ ထိုထို သတ္တဝါ အမျိုးဇာတ်၌ ဖြစ်ကြရကုန်သော သတ္တဝါဟူသမျှတို့၏ မိမိတို့ဘာသာ အားလျော်စွာ သိသင့်သိထိုက်သော အရာဟူသမျှကို သညာဖြင့် အပြည့်အစုံ အကုန် မှတ်သား၍ သိကြားလိမ္မာသည်၏အဖြစ်သို့ ရောက်ကုန်၏။ ထိုသို့ သိကြားလိမ္မာသည်၏ အဖြစ်သို့ ရောက်ကုန်သော သတ္တဝါတို့သည်လည်း "ငါမှတပါးသောသူတို့သည် ဤမျှလောက် သိကြကုန်၏။ ငါလည်း ထိုမျှလောက်ပင် သိကျွမ်းနားလည်၏။ အဘယ်သူသည် ငါ့ထက်သာလွန်၍ တတ်မြောက်ပါတော့အံ့နည်း"ဟူ၍ အထင်အမြင် ကြွားမောက်ပြီးလျှင် သိကြား လိမ္မာမှုဟုဆိုအပ်သော သညာကို အမွန်အမြတ် အတ္တကြီးပြုလုပ်၍ လှည့်လည်သွားလာကြကုန်၏။ ထို့ကြောင့် အတ္တဟူ၍ မှတ်ထင်အားကိုးအပ်သော တရားတို့တွင် သညာသည် အထွတ်အထိပ်ဆုံး ဖြစ်ပေ၏။ ထို့ကြောင့် မြတ်စွာဘုရားသည် ထိုသညာကို အသီးအခြားထုတ်နုတ်တော်မူ၍ ခန္ဓာတခု ဖွဲ့စည်းပြီးလျှင် ခန္ဓဒေသနာ တော်ကို ဟောတော်မူရ၏။

ထိုမှတပါး အလုံးစုံသော သတ္တဝါအပေါင်းတို့အား နိစ္စဟူ၍ မှတ်ပြီးလျှင်အမြဲအစွဲ အားကိုး အားထားအပ်သော တရားတို့တွင် စိတ်နှင့်တူသော အားကိုးအားထားရာမည်သည် မရှိ။ ထိုစကားသည် မှန်လှပေ၏။ သုခ၊ ဒုက္ခတို့ကား အမြဲမရှိကုန်။ သုခဖြစ်ခိုက် ဒုက္ခ မရှိ၊ ဒုက္ခဖြစ်ခိုက် သုခမရှိ။ သညာလည်း မမြဲချေ။ ရံခါ မေ့လျော့ပျောက်ပျက်တတ်၏။ ရံဖန်ရံခါ မမေ့မလျော့တတ်။ ဝီရိယလည်း အမြဲ မရှိ။ ရံခါ အားထုတ်၏၊ ရံခါ အားမထုတ်။ လောဘလည်း အမြဲမရှိ။ ရံခါ အလိုရှိ၏၊ ရံခါ အလိုမရှိ။ သဒ္ဓါလည်း အမြဲမရှိ။ ရံခါ ကြည်ညို၏၊ ရံခါ မကြည်ညို။ ပညာလည်း မမြဲ။ ရံခါ သိသင့်သိထိုက်သမျှကို သိ၏၊ ရံခါ သိသင့်သိထိုက်သည်ကိုပင် မသိ။ ဤသို့လျှင် စေတသိက်တရားတို့၏ သာမညအားဖြင့် အမြဲမရှိသော သဘောကိုမူကား လောကီသတ္တဝါတို့ပင် ထင်ရှားစွာ သိနိုင်ကြကုန်၏။ စိတ်၏ အမြဲမရှိပုံကိုမူကား ထင်ရှားစွာ မသိနိုင်ကြကုန်။ ထိုစိတ်သည် မြဲသောတရားပေ

တည်း၊ နိစ္စထာဝရ တရားပေတည်း။ နိစ္စတရားဖြစ်သောကြောင့်သာလျှင် ရံခါ စိတ်ဖြစ်၏၊ ရံခါ စိတ်မဖြစ်ဟူ၍ နှစ်မျိုးသော ဆိုဖွယ်ကို မရအပ်။ စိတ်သည် အမြဲဖြစ်ပေါ်၏ဟူ၍သာ ဆိုအပ်၏။ ထိုစိတ်သည် သတ္တဝါတို့၏ သန္တာန်၌ အမြဲအစွဲဖြစ်လျက် ရံခါ သုခနှင့်ယှဉ်၏, ရံခါ ဒုက္ခနှင့်ယှဉ်၏, ရံခါ သဒ္ဓါနှင့်ယှဉ်၏, ရံခါ ပညာနှင့်ယှဉ်၏-စသည်ဖြင့် မှတ်ထင်ကြကုန်၏။ သတ္တဝါတို့၏ သန္တာန်၌ စိတ်သည် အမြဲတည်နေသော အသက်တရားကိုယ်ပင်တည်းဟူ၍လည်း မှတ်ထင်ကြကုန်၏။ ထို့ကြောင့် နိစ္စဟူ၍ မှတ်ထင်အားကိုးအပ်သော တရားတို့တွင် စိတ်သည် အထွတ်အထိပ်ဆုံး ဖြစ်ပေ၏။ ထို့ကြောင့် မြတ်စွာဘုရားသည် ထိုစိတ်ကို အသီးအခြားထုတ်နုတ်တော်မူ၍ ခန္ဓာတခု ဖွဲ့စည်းပြီးလျှင် ခန္ဓဒေသနာတော်ကို ဟောတော်မူရ၏။

ရူပက္ခန္ဓာသည်ကား ရှစ်ဆယ်သော ပိုးမျိုးတို့၏ နေရာအိမ်လည်းဖြစ်၏။ ကိုးဆယ့်ခြောက်ပါးသော အနာရောဂါတို့၏ အိပ်ရာလည်းဖြစ်၏။ သုံးဆယ့်နှစ်ပါးသော ကံကြမ္မာတို့၏ တည်ရာလည်းဖြစ်၏။ ထို ရူပက္ခန္ဓာသည် မှည့်ရင့်သောအခါလည်း ပျက်၏။ အပုပ်အတိပြည့်သော ရူပက္ခန္ဓာကို လုပ်ကျွေးမွေးမြူရခြင်းသည် သူသေကောင်ပုပ်ကို ဖက်တွယ်ထားရသည်နှင့်တူလှပေ၏။ ရူပက္ခန္ဓာသည် သူသေကောင်ပုပ်နှင့်တူ၏၊ သမုဒ္ဒရာအလယ်၌ သင်္ဘောပျက်၍ ရေလယ်တွင် မျောပါနေသူသည် အပုပ်ကောင်ကို တွေ့လျှင် မကောင်းမှန်းသိလျက် မစက်ဆုတ်နိုင်ဘဲ သေဘေးကို ကြောက်သဖြင့် အပုပ်ကောင်ကို ဆွဲလေ၏။ လှိုင်းတံပိုးပုတ်၍ အပုပ်ကောင်နှင့်ပင် ကမ်းစပ်နားသို့ ရောက်လျှင် အပုပ်ကောင်ကို စက်ဆုတ်၍ စွန့်ပယ်သကဲ့သို့ သံသရာကား သမုဒ္ဒရာနှင့်တူ၏။ သတ္တဝါတို့သည်ကား သင်္ဘောပျက်၍ ရေလယ်တွင် မျောပါနေသူနှင့်တူ၏။ ရူပက္ခန္ဓာသည်ကား အပုပ်ကောင်နှင့်တူ၏။ မျောပါနေသူသည် မိမိသဏ္ဍာန်၌ ဒါနသီလဘာဝနာကို ဖြစ်စေသည်ကား လှိုင်းတံပိုးပုတ်သည်နှင့်တူ၏။ ဒါနသီလဘာဝနာတည်းဟူသော လှိုင်းတံပိုးပုတ်ခတ်လျှင် နိဗ္ဗာန်တည်းဟူသော ကမ်းသို့ ရောက်လေ၏။ နိဗ္ဗာန်

တည်းဟူသော ကမ်းသို့ ရောက်သူသည် ရူပက္ခန္ဓာတည်းဟူသော အပုပ်ကောင်ကို စက်ဆုတ်၍ စွန့်ပယ်လေ၏။ ဤကဲ့သို့ ရူပက္ခန္ဓာသည် သူသေကောင်ပုပ်နှင့်တူ၏။

**ရူပက္ခန္ဓာ၊ ဖြစ်–ပျက်သာ၊**

**မမြဲ–ဆင်းရဲ၊ ကြောက်စရာ၊**

**အစိုးမရ၊ အနှစ်မပါ၊**

**ကုသိုလ်ပြုလို့၊ အနှစ်ရှာ။**

**ဝေဒနာက္ခန္ဓာ၊ ဖြစ်–ပျက်သာ၊**

**မမြဲ–ဆင်းရဲ၊ ကြောက်စရာ၊**

**အစိုးမရ၊ အနှစ်မပါ၊**

**ကုသိုလ်ပြုလို့၊ အနှစ်ရှာ။**

**သညာက္ခန္ဓာ၊ ဖြစ်–ပျက်သာ၊**

**မမြဲ–ဆင်းရဲ၊ ကြောက်စရာ၊**

**အစိုးမရ၊ အနှစ်မပါ၊**

**ကုသိုလ်ပြုလို့၊ အနှစ်ရှာ။**

**သင်္ခါရက္ခန္ဓာ၊ ဖြစ်–ပျက်သာ၊**

**မမြဲ–ဆင်းရဲ၊ ကြောက်စရာ၊**

**အစိုးမရ၊ အနှစ်မပါ၊**

**ကုသိုလ်ပြုလို့၊ အနှစ်ရှာ။**

**ဝိညာဏက္ခန္ဓာ၊ ဖြစ်–ပျက်သာ၊**

**မမြဲ–ဆင်းရဲ၊ ကြောက်စရာ၊**

**အစိုးမရ၊ အနှစ်မပါ၊**

**ကုသိုလ်ပြုလို့၊ အနှစ်ရှာ။**

**"ဆိုမိန့်ဟုတ်ရာစဉ်းစားပါလော့၊ ခန္ဓာဘာရပဉ္စရကား၊ ယုယခင်မင် စိန်ရွှေဆင်၍ ပြုပြင်ပိုက်ထွေးနင်ကျွေးမွေးလည်း အရေးမရောက် သဲရေမှောက်သို့ နင့်နောက်မပါ နင်လိုရာကို ဘယ်ခါမလိုက် နင့်အကြိုက်နှင့် တိုက်ရိုက်ဖီလာဆန့်ကျင်ပါခဲ့။" (မာန်လည် ဆရာတော်)**

**"ခန္ဓာငါးပါးတို့၏ အနှစ်သာရကင်းမဲ့ပုံ"**

ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်၌ မြတ်စွာဘုရားက-

**"ရေမြှုပ်ပမာ၊ ရုပ်ခန္ဓာ၊ ဝေ-မှာ ရေပွက်ဟန်။**

**တံလျှပ်ပမာ၊ မှတ်သညာ၊ သင်္ခါ ငှက်ပျောစံ။**

**မျက်လှည့်အသွင်၊ စိတ်ဝိညာဏ်၊ ငါးအင် နှစ်မဲ့ ခန်။"** (ခန်=ခန္ဓာ) ဟူ၍ ဟောတော်မူထား၏။

ရူပက္ခန္ဓာသည် ရေမြှုပ်နှင့်တူ၏။ ဝေဒနာက္ခန္ဓာသည် ရေပွက်နှင့်တူ၏။ သညာက္ခန္ဓာသည် တံလျှပ်နှင့်တူ၏။ သင်္ခါရက္ခန္ဓာသည် ငှက်ပျောတုံးနှင့်တူ၏။ ဝိညာဏက္ခန္ဓာသည် မျက်လှည့်ဆရာနှင့်တူ၏။

တူပုံကို အနည်းငယ် ရှင်းပြပါမည်။ ရေမြှုပ်စိုင်သည် တောင်ကြီး ကမ်းကြီးလောက်ပင် ကြီးကျယ်စွာ စုဆောင်းတည်ရှိသော်လည်း တစုံတရာ အနှစ်သာရ မရှိလေသဖြင့် သုံးဆောင်ရန် မထိုက်၊ စွန့်ပစ်ဖွယ်ရာကြီးသာ ဖြစ်လေသကဲ့သို့ ရူပက္ခန္ဓာကြီးသည်လည်း တစုံတရာ အနှစ်သာရဟူ၍ မရှိ၊ သုံးဆောင်ရန် မထိုက်၊ စွန့်ပစ်ဖွယ်ရာ အကာ အမြှုပ် အတိကြီးသာ ဖြစ်၏။ ရေမြှုပ်စိုင်ကြီးကဲ့သို့ ပျက်စီးလွယ်သော သဘောလည်း ရှိပေ၏။

ရေအပြင်၌ အထက်ကကျရောက်သော မိုးရေပေါက်စသည်တို့ကြောင့် ရုတ်တရက် ဖြစ်ပေါ်လာသော ရေပွက်သည် မိမိဖြစ်ပေါ်ရန် ကျရောက်လာသော မိုးရေပေါက်ကြောင့်

ရုတ်တရက်ဖြစ်ပေါ်ပြီးလျှင် တခဏချင်း ပျက်စီးချုပ်ပျောက်ခြင်းသို့ ရောက်လေ၏။ တနာရီ, နှစ်နာရီစသည်ဖြင့် တစုံတရာသော ဌာန၌ အသုံးချရန်ထားသော်လည်း အရှည်ခိုင်ခံ့ တည်တံ့နိုင်သောသဘော မရှိ။ ဝေဒနာက္ခန္ဓာသည်လည်း မျက်စိ၊ နား၊ နှာ-စသော ဒွါရခြောက်ပါးတို့၌ ထိခိုက်လာသော အဆင်း၊ အသံ-စသော အာရုံခြောက်ပါး တို့ကြောင့် ရုတ်တရက် ဖြစ်ပေါ်လာသော သဘောတရားပေတည်း။ တနာရီ, နှစ်နာရီ စသည်ဖြင့် ထား၍ ခံစားရန် အသုံးချရန် ခိုင်ခံ့သော တရားမျိုး မဟုတ်။ ရုတ်တရက်ဖြစ်၊ ရုတ်တရက်ပျောက်သော သဘောမျိုးသာတည်း။ တစုံတရာ အားကိုးစရာ မရှိသော တရားမျိုးပေတည်း။

ရေ၏အသွင်ဖြင့် ဟန်ဆောင်တတ်သော တံလျှပ်သည် သားသမင်တို့ကို ရေထင်အောင် ပြုလုပ်ရုံမျှသာ ဖြစ်၏။ စင်စစ်အားဖြင့် ရေလည်း မဟုတ်ချေ။ ရေထင်၍ လိုက်လံ ရှာဖွေသော တောသမင်တို့ကို အမျိုးမျိုးသော ဒုက္ခတို့ကို ပေးကာ သေသည်တိုင်အောင် နှိပ်စက်လေ၏။ ထို့အတူ သညာက္ခန္ဓာသည် သတ္တဝါအပေါင်းတို့အား ယောကျ်ား ဟုတ်သည်, မိန်းမ-ဟုတ်သည်, ငါဟုတ်သည်, သူတပါးဟုတ်သည် စသောအားဖြင့် အထင်အမျိုးမျိုးတို့ကို ဖြစ်အောင် ပြုလုပ်တတ်၏။ စင်စစ်အားဖြင့် ယောကျ်ား, မိန်းမ စသည် မဟုတ်။ ရုပ်နာမ်ဓမ္မသင်္ခါရ အစုအပုံကြီးများသာတည်း။ ယောကျ်ား, မိန်းမ စသည်ဖြင့် ထင်ယောင်ထင်မှား ဖြစ်နေကြကုန်သော သတ္တဝါအပေါင်းတို့ကို သညာက္ခန္ဓာ သည် မိမိက ရှေ့ဆောင် ပြုလုပ်၍ သံသရာဝဋ်ဆင်းရဲ၌ အတင်းနှိပ်စက်လေ၏။ တဆင့်ထက်တဆင့် အရူးရင့်အောင် ယောကျ်ား, မိန်းမ စသော အမှတ်သညာကိုသာ ရင့်သန်စေ၏။

ငှက်ပျောတုံးသည် ချောချောမွေ့မွေ့ သဏ္ဌာန်ဖြင့် ပညာမဲ့သော သတ္တဝါတို့ကို အနှစ်ရှိ သော သစ်သားကြီးဟူ၍ ထင်စေ၏။ တစုံတရာ အသုံးချ၍ရစကောင်းသော သစ်သားမျိုး ဟူ၍ ထင်စေ၏။ စင်စစ်မူကား ထိုငှက်ပျောတုံးသည် အနှစ်သာရ မရှိလေသဖြင့်

ငှက်ပျောပင်တခုလုံးကို ပြင်ပမှစ၍ တဆင့်ထက်တဆင့် အနှစ်ကိုရှာသော်လည်း အနှစ်ကို မတွေ့ဘဲ နောက်ဆုံးအခါ အသုံးမကျသကဲ့သို့ ဖဿ၊ စေတနာ၊ ဝိတက်၊ ဝီရိယ၊ သဒ္ဓါ၊ ပညာစသော သင်္ခါရက္ခန္ဓာတို့သည် သတ္တဝါတို့ကို အခိုင်အမြဲ အားကိုးအားထားစရာ အနေအားဖြင့် ထင်စေကုန်၏။ သတ္တဝါတို့သည်လည်း ဝီရိယ၊ သဒ္ဓါ၊ ပညာစသည်တို့ကို အားကိုးအားထားကြရကုန်၏။ စင်စစ်မူကား ထို သင်္ခါရက္ခန္ဓာတို့သည် အနှစ်သာရ မရှိကြကုန်သောကြောင့် တခုစီတခုစီ သေချာစွာ ဝိပဿနာဉာဏ်ဖြင့် ရှာဖွေစိစစ်ရာ တစုံတခု အနှစ်သာရကို မတွေ့ဘဲ နောက်ဆုံး၌ အသုံးမကျ အားကိုးစရာ အားထားစရာ မရကုန်။

လိမ္မာသော မျက်လှည့်ဆရာကြီးသည် ရွှေမဟုတ်သော အုတ်ခဲကျောက်ခဲစသည်တို့ကို ရွှေထင်အောင် ပြုလုပ်ပြလေ၏၊ စိန်ထင်အောင်, မြထင်အောင် ရတနာထင်အောင် ပြုလုပ်ပြလေ၏။ စင်စစ်မူကား ထို မျက်လှည့်ဆရာကြီး ပြုလုပ်အပ်သော မျက်လှည့်ရုပ်သည် ရွှေစစ်မဟုတ်၊ စိန်မြရတနာစစ် မဟုတ်၊ အုတ်ခဲကျောက်ခဲတို့သာ ဖြစ်သကဲ့သို့ စက္ခုဝိညာဏ်အစရှိသော ဝိညာဏက္ခန္ဓာတို့သည် ဓာတ်သဘောအားဖြင့် မြင်မှုကို ပုဂ္ဂိုလ်မြင်မှုဟူ၍၎င်း၊ ပုဂ္ဂိုလ်သည်ပင် မြင်တတ်၏ဟူ၍၎င်း၊ ဓာတ်သဘောအားဖြင့် ကြားမှုကို ပုဂ္ဂိုလ်၏ကြားမှုဟူ၍၎င်း၊ ပုဂ္ဂိုလ်သည်ပင် ကြားတတ်၏ဟူ၍၎င်း၊ ဓာတ်သဘောအားဖြင့် သိမှုကို ပုဂ္ဂိုလ်၏သိမှုဟူ၍၎င်း၊ ပုဂ္ဂိုလ်သည်ပင် သိတတ်၏ဟူ၍၎င်း လိမ်လည်လှည့်ဖြား၍ ပြတတ်ချေ၏။ စင်စစ်မှာ ပုဂ္ဂိုလ်၏ အမြင်အသိများ မဟုတ်။ ပုဂ္ဂိုလ်သည်ပင်လျှင် မြင်တတ်သည် သိတတ်သည် မဟုတ်။ ဒွါရခြောက်ပါးတို့၌ အာရုံခြောက်ပါးတို့၏ ထိခိုက်မှုကြောင့် ဖြစ်ပေါ်လာသော ဝိညာဏဓာတ်တို့သာတည်း။ ထို့ကြောင့် ဝိညာဏက္ခန္ဓာသည်လည်း သတ္တဝါတို့၏ အထင်အမြင်နှင့် ကွာဝေး၍ အားကိုးစရာ အားထားစရာ မရဖြစ်ချေ၏။

တနည်း ဥပမာအားဖြင့် ရူပက္ခန္ဓာသည် လူနာတို့၏ တည်းခိုရာ ဆေးရုံကြီးနှင့်တူ၏။ ဝေဒနာက္ခန္ဓာသည် အနာရောဂါနှင့်တူ၏။ သညာက္ခန္ဓာသည် အနာရောဂါတို့ကို ထကြွ

စေတတ်သော မညီမျှသည့် သွေး၊ သည်းခြေ၊ လေ၊ သလိပ် အစရှိသော အဇ္ဈတ္တ အကြောင်းစုနှင့်တူ၏။ သင်္ခါရက္ခန္ဓာသည် ထိုအနာရောဂါကို ထစေတတ်သော အစာ အာဟာရ၊ ညှော်၊ ဥတုအစရှိသော ဗဟိဒ္ဓအကြောင်းစုနှင့်တူ၏။ ဝိညာဏက္ခန္ဓာသည် အနာရောဂါစွဲကပ်နေသော လူနာနှင့်တူ၏။

တနည်း ဥပမာအားဖြင့် ရူပက္ခန္ဓာသည် နှောင်အိမ်ကြီးနှင့်တူ၏။ ဝေဒနာက္ခန္ဓာသည် သံခြေကျဉ်းခတ်ခြင်း၊ ရိုက်နှက်ပုတ်ခတ်ခြင်းတို့နှင့်တူ၏။ သညာက္ခန္ဓာသည် ထောင်သို့ ကျရန် အကြောင်းဖြစ်သော ခိုးမှု, တိုက်မှုစသော ရာဇဝတ်မှုများနှင့်တူ၏။ သင်္ခါရက္ခန္ဓာ သည် ထောင်မှူးယောကျ်ားနှင့်တူ၏။ ဝိညာဏက္ခန္ဓာသည် အပြစ်အားလျော်စွာ ထောင်သို့ ကျသောသူနှင့်တူ၏။ ဤသို့စသည်ဖြင့် ခန္ဓာငါးပါးတို့၏ ဥပမာသည် များစွာရှိပေ၏။

ဤခန္ဓာငါးပါးအပေါင်းသည် ရန်သူငါးယောက်နှင့်တူလေစွ။ ဝန်ထုပ်ကြီး ငါးထုပ်နှင့် တူလေစွ။ ထိုးဆွတတ် ကိုက်ခဲတတ်လေစွ။ အနိစ္စ-ဒုက္ခ-အနတ္တဖြစ်လေစွ။ သံလျက်မိုး သော သူသတ်ယောကျ်ား ငါးယောက်နှင့်တူလေစွ-ဟု အဖန်ဖန် ဉာဏ်ဖြင့် ရှုအပ်၏။

ဤသို့ မြင်ခိုက်, ကြားခိုက်-စသည်၌ ကိလေသာတို့ဖြင့် စွဲလမ်းနိုင်သော တကယ်ရှိ, အဟုတ်ရှိ, အမှန်ရှိဖြစ်သော ဥပါဒါနက္ခန္ဓာငါးပါးတို့ကို ဝီရိယ, သတိ, ပညာတို့၏ စွမ်းအား ကို အသုံးချကာ ဝိပဿနာရှုမှတ်ပွားများခြင်းဖြင့် “အဆင်းမြင်ရာ၊ ရှုမှတ်ကာ၊ မှန်စွာ သိပါစေ။ ဝမ်းသာမဖက်၊ စိတ်မပျက်၊ ရှုလျက် လျစ်လျူနေ။ ရဟန္တာအသွင်၊ ယောဂီရှင်၊ ရှုလျှင် ဖြစ်နိုင်ပေ”ဟူသော ဘုရားရှင်၏စကားတော်နှင့်အညီ ရှုမှတ်လျက် ဖြစ်ပွားနိုင် သော အာရမ္မဏာနုသယကိလေသာများကို ဤခန္ဓာတောင်ပို့ထဲမှ ဖယ်ရှားလျက် ဆင်းရဲ ကင်းရာ သန္တိသုခအငြိမ်းဓာတ် နိဗ္ဗာန်ချမ်းသာမြတ်ကို ရရှိနိုင်ကြပါစေ။